# စိန်ခေါ်မှုအသစ်များအပေါ် နိုင်ငံ့ဝန်ထမ်းများ၏ လိုက်လျောညီထွေရှိမှုကို မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံကြေညာချက်

အရှေ့တောင်အာရှနိုင်ငံများအသင်းအဖွဲ့ (အာဆီယံဟုရည်ညွှန်းခေါ်ဝေါ်သော) အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအကြီးအကဲများတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်္ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ပါဝင်ပါသည်။

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ၂၀၁၇ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၃၀ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သော "အာဆီယံအသိုက်အဝန်း ရည်မှန်းချက် ၂၀၂၅ အောင်မြင်စေရေး ဖော်ဆောင်နိုင်ရန်အတွက် အာဆီယံနိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍဆိုင်ရာ အာဆီယံကြေညာချက်" ၌ ပါဝင်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် ကောင်းမွန်သော အုပ်ချုပ်မှု၏ အခြေခံအုတ်မြစ်အဖြစ် နိုင်ငံ့ဝန်ထမ်းများ၏ အရေးပါမှုကို အသိအမှတ်ပြုနိုင်ရန်အတွက်လည်းကောင်း၊

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများ သီးသန့်အစည်းအဝေးတွင် သဘောတူလက်မှတ်ရေးထိုး၍ အတည်ပြုထားခဲ့သော ဒီဂျစ်တယ်စီးပွားရေးခေတ်နှင့်အညီ တက်ကြွဖျတ်လတ်သောနိုင်ငံ့ဝန်ထမ်း ကဏ္ဍဖြစ်ပေါ်လာစေရေး အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံကြေညာချက်" နှင့်စပ်လျဉ်း၍ လျှင်မြန်သွက်လက်ထိရောက်မှုရှိပြီး ပြည်သူကိုဗဟိုပြုသော နိုင်ငံ့ဝန်ထမ်းများအဖြစ် ဖော်ဆောင်ရေး ကတိကဝတ်ပြုထားမှုကို ထပ်မံအတည်ပြုနိုင်ရန်အတွက်လည်းကောင်း၊

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ၃၇ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၌ အတည်ပြုခဲ့သော အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်နှင့် ၎င်းမူဘောင်ကို အကောင်အထည်ဖော်ရေး အစီအစဉ်များအတွက် နည်းဗျူဟာများနှင့် တိုင်းတာမှုများတွင် နိုင်ငံ့ဝန်ထမ်းများ၏ အရေးပါသော အခန်းကဏ္ဍနှင့် ပါဝင်ဆောင်ရွက်မှုတို့ကို ထပ်မံအတည်ပြုခြင်းဖြင့်လည်းကောင်း၊

"ငြိမ်းချမ်း၍ အားလုံးပါဝင်မှုရှိပြီး ကြံ့ခိုင်၍ ညီညွတ်မှုရှိသည့် အဖွဲ့အစည်းအဖြစ် ကာကွယ် ထိန်းသိမ်းနိုင်သည့် အလေ့အကျင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာ အာဆီယံကြေညာချက်"နှင့် စပ်လျဉ်း၍ ကောင်းမွန်သောအုပ်ချုပ်မှု အလေ့အကျင့်များကို အဆင့်အားလုံးတွင် တိုးမြှင့်ကျင့်သုံး နိုင်ရန်အတွက် မူဝါဒများနှင့် ထိရောက်စွာ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များအား ပြန်လည်ရည်ညွှန်း၍လည်းကောင်း၊

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်မှုကြောင့် အာဆီယံနိုင်ငံရှိပြည်သူများနှင့် ၎င်းတို့၏ စီးပွားရေး၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းပြုမှုတို့အပေါ် မမျှော်မှန်းနိုင်သော ဆိုးရွား သည့် သက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်မှုအား အသိအမှတ်ပြုခြင်းဖြင့်လည်းကောင်း၊

စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေး (Fourth Industrial Revolution– 4IR) ကြောင့် ဖြစ်ပေါ်လာသည့် မသေချာမရေရာမှုများ၊ ရာသီဥတုပြောင်းလဲမှုနှင့် သက်ကြီးရွယ်အို အသင်းအဖွဲ့များ၊ နိုင်ငံတကာနိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများ၊ ယခင်အစဉ်အလာ မရှိခဲ့ဖူးသော ဒေသတွင်း ကိစ္စရပ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ကြုံတွေ့နေရသည့်စိန်ခေါ်မှုများအား ထပ်မံအသိအမှတ်ပြုခြင်းဖြင့်လည်းကောင်း၊

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အနာဂတ်စိန်ခေါ်မှုအသစ်များနှင့်အညီ အလိုက်သင့် ပြုပြင်ပြောင်းလဲနိုင်ရန်နှင့် ပိုမိုခံနိုင်ရည်ရှိစေရေး အတွက် နိုင်ငံ့ဝန်ထမ်းကဏ္ဍအရေးပါမှုကို ပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ခြင်းအား အသိအမှတ်ပြုခြင်းဖြင့်လည်းကောင်း၊

အောက်ပါတို့ကို ကြိုးပမ်းအားထုတ်ရန် သဘောတူညီကြသည်–

(၁) ပြောင်းလဲလျက်ရှိသော ပတ်ဝန်းကျင်နှင့် စိန်ခေါ်မှုများကို ထိရောက်စွာအချိန်နှင့် တပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်မည့် မူဝါဒများနှင့် တိုင်းတာမှုများအတွက် အလိုက်သင့် ပြုပြင်ပြောင်းလဲနိုင်သည့် ခေါင်းဆောင်မှုပုံစံကို မြှင့်တင်ပေးပြီး အာဆီယံနိုင်ငံရှိပြည်သူများ၏ အကျိုးအတွက် အခွင့်အလမ်းများကို အသုံးချ ဆောင်ရွက်နိုင်ရန်၊

(၂) ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ပတ်ဝန်းကျင်အခြေအနေများအကြား နိုင်ငံ့ဝန်ထမ်း များ၏ ကျွမ်းကျင်မှုများ တိုးတက်လာစေရေး အခြေခံအုတ်မြစ်များအဖြစ် အာဆီယံလူ့စွမ်းအားဗဟိုဌာနများ (ASEAN Resource Centres)နှင့် အာဆီယံ ပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေးတက္ကသိုလ်များကွန်ယက် (ASEAN Network of Public Service Training Institute – PSTI) များ တည်ထောင်ထားရှိရန်၊

(၃) အတားအဆီးများနှင့် အားနည်းချက်များကို ဖြေရှင်းနိုင်ရေးနှင့် ပွင့်လင်းမြင်သာ သည့်စနစ်များ ဖန်တီးနိုင်ရေးအတွက် စီမံခန့်ခွဲမှုလုပ်ထုံး လုပ်နည်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ခေတ်မီစေခြင်း၊ ပြုပြင်ပြောင်းလဲခြင်းနှင့် ရိုးရှင်းစေခြင်းတို့ဖြင့် ပြည်သူ့ဝန်ဆောင်မှုပေးသည့်အပေါ် ထိရောက်တိုးတက် စေရန်၊

(၄) ဒေသတွင်း၌ ဒီဂျစ်တယ်အစိုးရ၊ ဒီဂျစ်တယ်စီးပွားရေးစနစ်နှင့် ဒစ်ဂျစ်တယ်အဖွဲ့ အစည်းဖော်ဆောင်ခြင်းဖြင့် မြှင့်တင်ပေးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု နိုင်ရေးအတွက်မူဝါဒနှင့် ဥပဒေမူဘောင်များချမှတ်ဆောင်ရွက်ခြင်းနှင့် ဒီဂျစ်တယ်

နည်းပညာတိုးတက်မှုကို အကျိုးရှိစွာအသုံးပြု၍ သတင်းအချက်အလက်များ လုံခြုံရေးကို ကာကွယ်ပေးခြင်းနှင့် အကန့်အသတ်များနှင့် ဆိုးကျိုး၊ အန္တရာယ်များကို လျှော့နည်းအောင်ဆောင်ရွက်ရန်၊

(၅) ရေရှည်တိုးတက်၍ ခိုင်မာမှုရှိကာ တက်ကြွမှုရှိပြီး ပြည်သူကို အကျိုးပြုသော အာဆီယံ အသိုက်အဝန်းတစ်ခု တည်ထောင်နိုင်ရန်အတွက် ကောင်းမွန်သော အုပ်ချုပ်မှုကို အထောက်အကူပြုစေမည့် ကဏ္ဍအလိုက်နှင့် အသိုက်အဝန်းများ အကြား ညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြှင့်တင်ဆောင်ရွက်ရန်၊

ဤကြေညာချက်တွင် ပါဝင်သည့် ကတိကဝတ်များကို အကောင်အထည်ဖော်နိုင်ရေး လိုအပ်သည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံနိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။

၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့် အတည်ပြုခဲ့ပါသည်။